# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
# သစ်တောဦးစီးဌာန

## မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ (၂၀၂၁) စီမံကိန်း (Mekong-Lancang Cooperation Special Fund Project) အရ ဆောင်ရွက်လျက်ရှိသည့် “ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တော ဖွံ့ဖြိုးတိုးတက်စေရေး ပြည်သူတို့၏ အသက်မွေးဝမ်းကျောင်းမြှင့်တင်စေရန်အတွက် သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်းနည်းစနစ်ဖွံ့ဖြိုးစေခြင်း ” စီမံကိန်း၏ အလုပ်လျှောက်လွှာခေါ်ယူခြင်း

၁။ သစ်တောဦးစီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ (၂၀၂၁) စီမံကိန်းတို့ ပူးပေါင်း၍ **“ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တော ဖွံ့ဖြိုးတိုးတက်စေရေး ပြည်သူတို့၏ အသက်မွေးဝမ်းကျောင်း မြှင့်တင်စေရန်အတွက် သီးနှံသစ်တောရောနှော စိုက်ပျိုးခြင်းနည်းစနစ်ဖွံ့ဖြိုးစေခြင်း”** စီမံကိန်းအား ၂၀၂၁ ခုနှစ် အောက်တိုဘာလမှ ၂၀၂၃ ခုနှစ် စက်တင်ဘာလအထိ (၂) နှစ် အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၂။ အဆိုပါစီမံကိန်းအတွက် အရည်အချင်းပြည့်မီသည့် **စီမံကိန်းအတွင်းရေးမှူး (Project Secretary)** (၁) ဦး လစ်လပ်လျက် ရှိပါသဖြင့် အောက်ဖော်ပြပါ သတ်မှတ်အရည်အချင်း ပြည့်မီသူများ လျှောက်ထားနိုင်ပါသည် -

(က) အနည်းဆုံး တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီး ရုံးလုပ်ငန်းစီမံခန့်ခွဲခြင်းနှင့် ငွေစာရင်းစီမံခန့်ခွဲနိုင်သူ ဖြစ်ရပါမည်။

( ခ ) အစိုးရဝန်ထမ်း မဟုတ်သူ ဖြစ်ရပါမည်။

( ဂ ) ကွန်ပျူတာဆိုင်ရာ Word, Excel, Powerpoint စသည့် နည်းပညာဆိုင်ရာ ကျွမ်းကျင် အသုံးပြုနိုင်သူ ဖြစ်ရပါမည်။

(ဃ) အင်္ဂလိပ်ဘာသာ (4 skills) တတ်ကျွမ်းနားလည်သူ ဖြစ်ရပါမည်။

( င ) ကျန်းမာရေးကောင်းမွန်သူ ဖြစ်ရပါမည်။

( စ ) စီမံကိန်းအတွင်းရေးမှူးလုပ်ငန်း အတွေ့အကြုံရှိသူဖြစ်ပါက ဦးစားပေး စဉ်းစားမည်ဖြစ်ပါသည်။

(ဆ) အစမ်းခန့်ကာလအား (၁) လသတ်မှတ်ပြီး လုပ်ငန်းဆောင်ရွက်မှုအပေါ် ကျေနပ်မှုရှိပါက အတည်ပြုခန့်အပ်သွားမည် ဖြစ်ပါသည်။

( ဇ ) အလုပ်ရာထူးနေရာမှ နုတ်ထွက်လိုပါက စီမံကိန်းမန်နေဂျာထံသို့ အနည်းဆုံး(၁) လ ကြိုတင်အသိပေး၍ တာဝန်ယူထားသည့် လုပ်ငန်းများ အပြီးသတ် ဆောင် ရွက်ပြီးမှ နုတ်ထွက်ရမည် ဖြစ်ပါသည်။

၃။ တာဝန်ထမ်းဆောင်ရမည့်နေရာ - သစ်တောဦးစီးဌာန၊ တိုးချဲ့ပညာပေးရေးဌာန၊ နေပြည်တော်။

၄။ တာဝန်ထမ်းဆောင်ရမည့်ကာလ - ၇ လ

၅။ လစာ - အမေရိကန် ဒေါ်လာ ၃၀၀ (USD 300) နှင့်ညီမျှသော မြန်မာကျပ်ငွေ

၆။ လျှောက်လွှာနောက်ဆုံးပေးပို့ရမည့်ရက် - ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ (၁၅ ) ရက်

၇။ **စီမံကိန်းအတွင်းရေးမှူး (Project Secretary)** ၏ လုပ်ငန်းတာဝန်များ (Terms of Reference – TOR) မှာ အောက်ဖော်ပြပါအတိုင်း ဖြစ်ပါသည် -

(က) စီမံကိန်းဆိုင်ရာ ဘဏ်လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ စီမံကိန်းလုပ်ငန်း အသုံးစရိတ်များ တင်ပြတောင်းခံခြင်း၊ ငွေတောင်းခံလွှာများ၊ လက်ခံရရှိငွေများ၏ ငွေစာရင်းများ ဆောင်ရွက်ခြင်း၊ လစဉ်ငွေစာရင်းရှင်းတမ်းနှင့် အသုံးစရိတ်ပြေစာများ ပြုစုခြင်း စသည့် ငွေစာရင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း။

( ခ ) ငွေစာရင်းဆိုင်ရာ လစဉ် ၃ လပတ်၊ ၆ လပတ်နှင့် နှစ်ချုပ်အစီရင်ခံစာများ ပြုစုခြင်း။

( ဂ ) စီမံကိန်း၏ ရုံးလုပ်ငန်းကိစ္စများ ဆောင်ရွက်ခြင်း။

(ဃ) စီမံကိန်းမန်နေဂျာနှင့် စီမံကိန်းရုံးအဖွဲ့၏ လုပ်ငန်းကိစ္စရပ်များ ဆောင်ရွက်ပေးခြင်း။

( င ) သင်တန်း၊ အစည်းအဝေး၊ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခြင်းဆိုင်ရာ ရုံးလုပ်ငန်းများဆောင်ရွက်ခြင်း။

( စ ) စီမံကိန်းလုပ်ငန်းဆိုင်ရာ စီမံခန့်ခွဲရေးလုပ်ငန်းနှင့် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရန် ခရီးသွားလာရေးလုပ်ငန်းများတွင် စီမံဆောင်ရွက်ခြင်း။

၈။ လျှောက်လွှာနှင့်အတူ ကိုယ်ရေးရာဇဝင် အသေးစိတ်အချက်အလက်များနှင့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာမှ ထောက်ခံချက်တို့ကို (cfunitextension@gmail.com) သို့ (**မဲခေါင်-လန်ချန်း စီမံကိန်း၏ စီမံကိန်းအတွင်းရေးမှူး လျှောက်ထားခြင်း ခေါင်းစဉ်ဖြင့်**) ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ( ၁၅ ) ရက်နေ့ နောက်ဆုံးထား၍ ပေးပို့လျှောက်ထားနိုင်ပါသည်။

၉။ အသေးစိတ် သိရှိလိုပါက ဖုန်းနံပါတ် ၀၆၇-၃၄၀၅၄၃၄ (သို့မဟုတ်) ၀၆၇-၃၄၀၅၄၀၂ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။